


# အညတြသူရဲကောင်းများအတွက် ရွတ်ဆိုတဲ့ဂါထာ

-အဲဒီနေ့က
ကြေကွဲ နွမ်းလှတဲ့စိတ် တမေ့တမောနဲ့
တောအုပ်နဲ့ တောင်တန်းတွေကို
မျက်ဝန်းထဲ ညှို့ယူထည့်ထားရင်း
သစ္စာနဲ့ စီးဆင်းနေတဲ့ ဇရာဝတီကို
ရင်ဘတ်ထဲမှာ တရွက်ခြင်းလှန်လှောနေလိုက်တာ
ငါတို့ ဝိဥာဉ်ထဲမှာ သူတို့ရဲ့ ရုပ်ပုံလွှာတွေ အထပ်ထပ်ပေါ့
မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားမှာ
သစ္စာတရားကို ဟိုဘက် ကမ္ဘာအထိ ယူဆောင်သွားခဲ့ကြ
သူတို့ စာမျက်နှာကို ငါတို့ဖတ်ပြရင်း
ကဗျာတွေကို မျက်ရည်နဲ့ရွတ်ဆိုရတာ..........
နာနာကျင်ကျင်ဖြစ်ခဲ့ရတဲ့ ငါတို့ရင်ကို ဝိဥာဉ်ပူးကပ်မှု
အခု ငါတို့ သီကြွေးနေတာ သင်တို့ရဲ့ ကြီးမြတ်ခြင်းများ
အဲဒီ ဂုဏ်ပြု အခမ်းအနားမှာ ငါတို့ မျက်ဝန်းတွေ
ညို့ညို့မှိုင်းမှိုင်း

-ငါတို့ သမိုင်းမှာ အရင်အတိုင်း အရိုးတွေ
အောက်ဆုံးအလွှာမှာရှိဆဲ
ဒီအချိန်အထိ ကြေကွဲဆို့နင့်မှုတွေဟာ
နွေဦးမှာသာတဲ့ ကံ့ကော်ပွင့် အဝါတွေ အဆုပ်လိုက်ပွင့်လို့
ဒီထက်ပိုပြီး မှောင်စရာမရှိတော့တဲ့ ဖြစ်ကျဉ်းထဲမှာ
မာလကာပင်က ဩဇာသီး မသီးနိုင်တာ
ဩဇာပင်က မာလကာသီး မသီးနိုင်တာ
နှစ်တရာကျော်နေခဲ့တဲ့ နယ်ချဲ့ခံဘဝရဲ့
ကင်းလွတ်ခွင့်ရတဲ့ တရားအဖြစ်ဌာ
လူသေရင် လူထပ်ဖြစ်စရာ ဘာမှ မရှိဘူးဆိုတာ
သူတို့ ယုံကြည်ချက်မှာ သစ္စာမြစ်ကို ထုဆစ်ဖို့
လွတ်လပ်လမ်းဆီ သေခြင်းတရားကို ခံယူပုံ ရဲရင့်ခဲ့ကြတယ် ။

နီလွင်သွေး(ဒဿနိကဗေဒ)